unite for children

unicef

**သတင်းထုတ်ပြန်ချက်**

# အသစ်တည်ဆောက်ပြီးသည့် ကျေးလက်ကျန်းမာရေးဌာနများကို မြန်မာနိုင်ငံကျန်းမာရေး ဝန်ကြီးဌာနသို့ ယူနီဆက်က လွှဲပြောင်းပေးအပ်

**နေပြည်တော်၊ ၂၃ ဇွန်လ ၂၀၁၀–** ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)က ဆောက်လုပ်ပေးသည့်ကျေးလက်ကျန်းမာရေးဌာန ၂၄ခုကို ကျန်းမာရေးဝန်ကြီးဌာနသို့ယနေ့ နေပြည်တော်တွင်ကျင်းပသည့်အခမ်းအနားတွင် လွှဲပြောင်းပေးလိုက်သည်။ ထိုအသစ်တည်ဆောက် ထားသည့်ကျေးလက်ကျန်းမာရေးဌာနသုံးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၁ခု၊ ပေါင်း ၂၄ ခုသည် ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်းတွင်တည်ရှိသည်။ ဤသို့တည်ဆောက်ပေးခြင်းဖြင့်နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရပြီး ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကိုအလှမ်းဝေးသည့် မြစ်ဝကျွန်းပေါ်ဒေသရှိမိခင်များနှင့်ကလေးများအတွက် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာပြီးယူနီဆက်ကဆောင်ရွက်လျက်ရှိသည့် မုန်တိုင်းသင့်ဒေသများအတွက် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အထောက်အကပြုမည်ဖြစ်သည်။

အသစ်တည်ဆောက်လိုက်သောကျေးလက်ကျန်းမာရေးဌာနများသည် လူပေါင်း၁၅၀၀၀၀(တစ်သိန်းငါးသောင်း)ခန့်၏ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားမည် ဖြစ်သည်။ထိုကျေးလက်ကျန်းမာရေးဌာနအများစုမှာ လွန်ခဲ့သောနှစ်နှစ်ခန့်က နာဂစ်ဆင်ကလုံးကြောင့်ပျက်စီးသွားပြီး ကျန်းမာရေးဝန်ဆောင်မှုများပျက်ပြားသွားသည့် ကျေးလက်ကျန်းမာရေးဌာနအဟောင်းများ နေရာတွင်ပြန်လည်အစားထိုးတည်ဆောက်ပေးထားခြင်းဖြစ်သည်။ ကျေးလက်ကျန်းမာရေးဌာနများ တည်ဆောက်ခြင်းကိုဂျပန်နိုင်ငံအစိုးရ၏ငွေကြေးအကူအညီဖြင့်ယူနီဆက်သည်ကျန်းမာရေးဝန်ကြီးဌာနနှင့်လက်တွဲဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အသစ်တည်ဆောက်ပြီးသည့် ကျေးလက်ကျန်းမာရေးဌာနများကို ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဒေါက်တာဝင်းမြင့်ထံသို့ ယူနီဆက်မြန်မာ၏ဌာနေကယ်စားလှယ်မစ္စတာရာမက်ရှ်ရှရစသာကလွှဲအပ်ခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနမှအဆင့်မြင့်အရာရှိကြီးများ ဂျပန်သံရုံးမှတာဝန်ရှိသူများနှင့် ယူနီဆက်ကတာဝန်ရှိသူများလည်း ထိုအခမ်းအနားကိုတက်ရောက်ကြသည်။

ကျေးလက်ကျန်းမာရေးဌာနများဆောက်လုပ်ပေးခြင်းနှင့်ပတ်သတ်၍ယူနီဆက်၏ပံ့ပိုးကူညီမှုများကိုအသိအမှတ်ပြုသည့် ဂုဏ်ပြုမှတ်တမ်းလွှာကို ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ယူနီဆက်ဌာနေကိုယ်စားလှယ် မစ္စတာရာမက်ရှ်ရှရစသာကိုပေးအပ်ခဲ့သည်။

"မြစ်ဝကျွန်းပေါ်ဒေသမှာနေထိုင်တဲ့ မိခင်နဲ့ကလေးတွေအရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကိုအလွယ်တကူလက်လှမ်းမီနိုင်ဖို့ကြိုးစားတဲ့နေရာမှာ အခုလိုကျေးလက် ကျန်းမာရေးဌာနတွေဆောက်ပေးနိုင်တာဟာ မှတ်ကျောက်တင်စရာပါပဲ။ တည်ဆောက်ပြီးစီးသွားတဲ့ကျေးလက်ကျန်းမာရေးဌာန၂၄ခုကိုကျန်းမာရေးဝန်ကြီးဌာကိုဒီနေ့ပဲလွှဲပြောင်းပေးအပ်နိုင်တဲ့အတွက် ယူနီဆက်အနေနဲ့များစွာဝမ်းမြောက်မိပါတယ်။ ဒီကျေးလက်ကျန်းမာရေးဌာနတွေဟာနာဂစ်ဆိုင်ကလုန်းကြောင့်သက်ရောက်မှုတွေကို ပြန်လည်ထူထောငတေနေရာမှာအထောက်အပံ့ပေးရုံသာမကရေရှည်မှာရောဂါဘယတွေဖြစ်ပွားနှုန်းနဲ့ သေဆုံးနှုန်းတွေလျှော့ချပေးခြင်းကိုလည်း အထောက်အကူပေးနိုင်ဖို့မျှော်လင့်ပါတယ်'ဟု ယူနီဆက်မြန်မာ၏ဌာနေကိုယ်စားလှယ် မစ္စတာရာမက်ရှ်ရှရစသာက ဆိုသည်။

"ဒီနေရာမှာကျွန်တော်ကျေးဇူးအထူးတင်လိုတာကတော့လိုအပ်တအကြံပေးလမ်းညွှန်မှုတွေပေးခဲ့တဲ့ကျန်းမာရေးဝန်ကြီးဌာနနဲ့ ကျေးလက်ကျန်းမာရေးဌာနတွေတညဆောက်နိုင်အောင် ငွေကြေးထောက်ပံ့ပေးခဲ့တဲ့ဂျပန်နိုင်ငံအစိုးတို့ပဲဖြစ်ပါတယ်။ အခုလိုပူးပေါင်းဆောင်ရွက်ခြင်းရဲ့အကျိုးကျေးဇူးကတော့ မြန်မာကလေးငယ်များနဲ့မိသားစုများအတွက် ပိုမိုကောငးမွနတဲ့ကျန်းမာရေးစောင့်ရှောက်မှုတွေပေးနိုင်တာပဖြစ်ပါတယ်"ဟုၚင်းကဆက်လက်ပြောကြားသည်။

unite for children

unicef

မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီးမစ္စတာယာစုတိုရှိနိုဂါဝါကလည်း "ကျွန်တော့်အနေနဲ့ ဒီနေ့အခမ်းအနားကို လိုက်လိုက်လှဲလှဲကြီးကြိုဆိုလိုက်ပါတယ်။ ဘာလို့လည်းဆိုတော့ ကျန်းမာရေးကဏ္ဍပိုမိုကောင်းမွန်လာဖို့အတွက် အရေးကြီးတဲ့ခြေလှမ်းတစ်ခုဖြစ်လို့ပါပဲ။ ဆိုင်ကလုန်းမုန်တိုင်းရဲ့နောက်ဆက်တွဲပြဿနာတွေဟာရှိနေတုန်းပါပဲ။ ကျန်းမာရေးဌာနတွေက ဆိုးဆိုးဝါးဝါးပျက်စီးခဲ့ပြီးပြန်လည်ပြုပြင်ဖို့ဆိုတာတကယ်ကိုလိုအပ်တဲ့လုပ်ငန်းတစ်ခုပါပဲ။အခုအသစ်တည်ဆောက်လိုကတာ ကျေးလက်ကျန်းမာရေးဌာနတွေဟာ အဲဒီဒေသမှာရှိတဲ့လူတွေရဲ့ ကျန်းမာရေး တိုးတက်ရေးအတွက်အပြည့်အဝအသုံးချနိုင်ဖို့မျှော်လင့်ပါတယ်။ ဒါတင်မကပဲဂျပန်–မြန်မာနှစ်နိုင်ငံရင်းနှီးချစ်ခင်မှု ကိုလည်း ပိုမိုတိုးလာပါစေတယ်"ဟုဆိုသည်။

ကျေးလက်ကျန်းမာရေးဌာနများတည်ဆောက်ပေးခြင်းအပြင် ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်းရှိ မုန်တိုင်းသင့်မြို့နယ် ၁၂ မြို့နယ်တွင်ကျန်းမာရေးဝန်ထမ်းမားသွားလာရခက်ခဲသည့်နေရာများသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန်ဖိုင်ဘာလှေ ၁၀၂စီးကိုလည်းယူနီဆက်က ပေးအပ်ခဲ့သည်။

ယူနီဆက်ကတည်ဆောက်ပေးသည့် ကျေးလက်ကျန်းမာရေးဌာနများတွင်သားဖွားခန်းသီးသန့်ပါရှိပြီး အခြားလိုအပ်သည့်ဆေးဝါးများလည်း ရရှိနိုင်သည်။ ထို့အပြင်စားပွဲ၊ ကုလားထိုင်၊ လူများထိုင်စောင့်ရန်ခုံနေရာ၊ သားဖွားကုတင်၊ ဆေးပစ္စည်းကိရိယာများဆေးဝါးများနှင့်အရေးကြီးမှတ်တမ်းများထားရှိရန်ဘီဒိုစသညပရိဘောဂများအပြင် ညအချိန်မီးဖွားခြင်းနှင့် အရေးပေါ်ကုသပေးမှုများပြုလုပ်နိုင်ရန် မီးစက်တစ်လုံးစီလည်းပါရှိသည်။

ကျန်းမာရေးဌာနအချို့ကိုတည်ဆောက်ရာတွင် မြေပျော့သည့်အတွက် သင့်တော်သည့် lightweight နည်းပညာကိုအသုံးပြုထားပြီးအချို့နေရာများတွင်မူ အာရ်စီ(Reinforced concrete )နည်းပညာကို အသုံးပြုတည်ဆောက်ထားသည်။ သို့သော်နှစ်မျိုးစလုံးမှာမြေငလျင်နှင့်ဆိုင်ကလုန်းဒဏ်ကို အတိုင်းအတာတခုအထိ ခံနိုင်ပေသည်။

ကျေးလက်ကျန်းမာရေးဌာနများသည်ကလေးနှင့်မိခင်များအတွက်ကျန်းမာရေးစောင့်ရှောက်မှုများကိုပေးရာတွင် ကိုယ်ဝန်ဆောင်စဉ်နှင့်မီးဖွားပြီးစောင့်ရှောက်မှုပေးခြင်း၊ မီးဖွားခြင်း၊ အာဟာရနှင့်မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးခြင်းဆိုင်ရာများကို ပညာပေးခြင်း၊ကာကွယ်ဆေးထိုး၊ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများစသည်တို့ပါဝင်သည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့သည် နိုင်ငံပေါင်း ၁၅၀ ကျော်တွင် အခြေစိုက်ပြီး ကလေးငယ်များ ငယ်စဉ်ဘဝမှမြီးကောင်ပေါက်အရွယ် အထိ ကျန်းမာသန်စွမ်းရှင်သန်အောင် ကူညီပံ့ပိုးလျှက်ရှိသည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကာကွယ်ဆေးအများဆုံး ထောက်ပံ့ပေးသည့် အဖွဲ့ဖြစ်ပြီး ကလေးသူငယ်များ ကျန်းမာရေး၊ အဟာရရရှိမှု၊ရေကောင်းရေသန့်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ကောင်းမွနမှု၊ ယောကျာ်းလေးနှင့် မိန်းကလေးငယ်များအားလုံး အဆင့်မီ အခြေခံပညာသင်ယူနိုင်မှုများကို ထောက်ပံ့ပေးလျှက်ရှိပြီး ကလေးငယ်များအကြမ်းဖက်မှု၊ ခေါင်းပုံဖြတ်ခံရမှုနှင့် ခုခံအားကျဆင်းမှု ရောဂါဖြစ်ပွားမှု တို့မှ လည်း ကာကွယ်ပေးလျှက်ရှိသည်။ အစိုးရအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းမား၊ စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းတို့က မိမိတို့ဆန္ဒအလျှောက်ငွေကြေးဝိုင်းဝန်းပံ့ပိုးထည့်ဝင်ထားသည်။

***ဆက်လက်သိရှိလိုပါက***


Zafrin Chowdhury, Chief of Communication, UNICEF Myanmar, +95-1-375527-32, ext 1441, zchowdhury@unicef.org

Sandar Linn, Communication Officer ,UNICEF Myanmar, +95-1-375527-32, slinn@unicef.org